The Supplementary Appropriation Act-1951
(Act No XXXVI of 1951)

# ၁၉၅၁ ခုနှစ်၊ နောက်ထပ်ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး အက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၆။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁၉၅၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် နှစ်အတွက် နောက်ထပ်ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်း။

၁။ ။(၁) ဘဏ္ဍာရေးဝန်ကြီးသည်၊ ပြည်ထောင်စုနိုင်ငံ၏အခွန်တော်များမှ စုစုပေါင်းငွေ ၁၀,၅၅,၀၆,၅၃၀ (ဤအက်ဥပဒေဇယားတွင် ဖေါ်ပြထားသည်) ကိုထုတ်၍၊ ၁၉၅၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့်နှစ်ဆိုင်ရာ အသုံးစရိတ်များနှင့် ကိစ္စများအတွက် ခွဲဝေသုံးစွဲနိုင်သည်။

(၂) ပုဒ်မခွဲ(၁)တွင် ခွင့်ပြုထားသည့် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်းသည်၊ ၁၉၅၁ ခုနှစ်၊ နောက်ထပ်ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး အက်ဥပဒေ (၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၂) အရခွင့်ပြုထားသည့် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟူ၍မှတ်ယူရမည်။

၁၉၅၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် နှစ် အတွက် ငွေချေးယူခြင်း။

၂။ ။(၁) ၁၉၅၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ကုန်ဆုံးသည့်နှစ်အတွင်း၊ ငွေ စုစုပေါင်း ၂၄,၂၃,၀၀၀ ထက် မပိုသောငွေများကို၊ ဘဏ္ဍာရေးဝန်ကြီးသည် အစိုးရ ငွေချေးစာချုပ်များ ထုတ်ပေးခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့် ဖြစ်စေ၊ မည်သူ့ထံမှဆို ငွေချေးယူနိုင်သည်။ ထို့ပြင် ပြည်ထောင်စု မြန်မာနိုင်ငံတော် ဘဏ်ကလည်း၊ ထိုနှစ်အတွင်းတွင် ထိုငွေများကို ဘဏ္ဍာရေး ဝန်ကြီးအား ထုတ်ချေးရမည်။ ထိုကဲ့သို့ငွေချေးသော ကိစ္စအတွက် ဘဏ္ဍာရေး ဝန်ကြီးသည် မိမိသင့်သည် ထင်မြင်သည့် အတိုးနှုန်းများ သတ်မှတ်၍၎င်း၊ ပြန်ဆပ်ရန်၊ ပြန်ရွေးရန်၊ သို့တည်းမဟုတ် အခြားနည်းစီမံရန်၊ စည်းကမ်းချက်များ ထား၍၎င်း၊ အာမခံစာချုပ်များပြုလုပ်၍ထုတ်ပေးနိုင်သည်။

(၂) ဤအက်ဥပဒေအရ ချေးယူရရှိသောငွေအားလုံးကို ပြည်ထောင်စုနိုင်ငံ၏ အခွန်တော်များတွင်ထည့်သွင်းရမည်။

(၃) ဤအက်ဥပဒေအရ ထုတ်ပေးသည့် အာမခံစာချုပ်များနှင့် သက်ဆိုင်သော ငွေရင်းနှင့်အတိုးကို၎င်း၊ ဤအာမခံစာချုပ်များထုတ်ပေးသည့်ကိစ္စနှင့် ပတ်သက်၍ ကုန်ကျသည့်စရိတ်ငွေများကို၎င်း၊ ပြည်ထောင်စု နိုင်ငံ၏ အခွန်တော်များမှ ထုတ်ပေးရမည်။

(၄) ပုဒ်မခွဲ (၁) တွင်ခွင့်ပြုထားသည့်ငွေချေးယူခြင်းသည်၊ ၁၉၅၀ ပြည့်နှစ်၊ ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲရေးအက်ဥပဒေ (၁၉၅၀ ပြည့်နှစ်၊ အက်ဥပဒေအမှတ် ၃၂) အရ ခွင့်ပြုထားသည့်ငွေချေးယူခြင်းအပြင်၊ နောက်ထပ် ငွေချေးယူခြင်း ဖြစ်သည်ဟူ၍ မှတ်ယူရမည်။

**Price,—One anna.]**

## ဇယား။

| အစိုးရဌာန။ | | | ခွဲဝေသုံးစွဲသည့်ငွေ။ |
|---|---|---|---|
| | | | ကျပ်။ |
| အကောက်တော်နှင့်နိုင်ငံတွင်းအကောက်တော် | ... | ... | ၄,၅၄,၉၉၀ |
| အမြတ်တော်ခွန် ... | ... | ... | ၃၀,၁၀၀ |
| အစိုးရငှါ ... ... | ... | ... | ၄၉,၄၀၀ |
| ယစ်မျိုး ... ... | ... | ... | ၁,၇၄,၀၄၀ |
| အခြားအခွန်တော်များနှင့်အကောက်တော်များ | ... | ... | ၂,၆၄,၀၀၀ |
| ဆည်မြောင်း အစရှိသည့်လုပ်ငန်းများ | ... | ... | ၁၀ |
| အတိုးနှင့်ကြွေးမြီ ... | ... | ... | ၁,၅၀,၀၀၀ |
| အရပ်ရပ်စီရင်အုပ်ချုပ်မှု ... | ... | ... | ၁၄,၄၁,၇၃၀ |
| စာရင်းစစ် ... | .. | ... | ၉၂,၇၀၀ |
| အကျဉ်းထောင်များ ... | ... | ... | ၈၈,၀၀၀ |
| ရဲအဖွဲ့ ... ... | ... | ... | ၄၁,၀၀,၇၄၀ |
| ရေကြောင်းဆိုင်ရာနှင့်မီးပြတိုက်များ | ... | ... | ၆,၄၀,၄၀၀ |
| လောကဓါတ်ပညာဆိုင်ရာဌာနများ | ... | ... | ၂,၇၀,၇၀၀ |
| ပညာရေး ... ... | ... | ... | ၁၇၀ |
| ဆေးဘက်ဆိုင်ရာနှင့်ပြည်သူ့ကျန်းမာရေး | ... | ... | ၃,၆၆,၂၁၀ |
| စက်မှုလက်မှုအလုပ်အကိုင်များ | ... | ... | ၉၀,၂၃၀ |
| လေကြောင်းပျံသန်းသွားလာမှု | ... | ... | ၁,၃၀,၇၂,၃၀၀ |
| ငွေစက္ကူ၊ ဒင်္ဂါးစသည်များနှင့်ဒင်္ဂါးသွန်းစက်ရုံ | ... | ... | ၂,၅၀,၀၀၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများ ... | ... | ... | ၁၆,၅၃,၉၂၀ |
| ပင်ရှင်လစာငွေများ ... | ... | ... | ၁၅,၅၇,၅၄၀ |
| အထွေထွေ ... ... | ... | ... | ၇,၆၆,၀၂,၃၇၀ |
| ပြည်သူ့ထောက်ပံ့ရေး ... | ... | ... | ၁,၁၀,၀၀,၀၀၀ |
| စစ်ကြောင့်ထွက်ခွါမသွားမီ တင်ရှိသည့် ကြွေးမြီတာဝန်များ | | ... | ၂,၃၁,၀၀၀ |
| အထူးရငွေများမှ ကြီးပွါးရေးရံပုံငွေအတွက် ကုန်ကျစရိတ် | | .. | ၂၅,၃၇,၉၀၀ |
| ပြည်နယ်အစိုးရများသို့ချေးငွေများ | ... | ... | ၃,၀၀,၀၀၀ |
| | ပေါင်း | ... | ၁၁,၅၅,၀၆,၂၃၀ |

G.U.B.C.P.O.—No. 15, Min. of J.A., 27-10-51—2,000—II.